# စက်သုံးဆီ သိုလှောင်၊ ရောင်းချ၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများနှင့်စက်သုံးဆီဆိုင်များ ဆောက်လုပ်ရာတွင် မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

၁။ စက်သုံးဆီ သိုလှောင်၊ ရောင်းချ၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများနှင့်စက်သုံးဆီဆိုင်များ ဆောက်လုပ်ရာတွင် မီးသတ်ဦးစီးဦးစီးဌာန၏ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုချက် တောင်းခံရာတွင် သတ်မှတ်လျှောက်လွှာပုံစံနှင့်အတူ ပါရှိရမည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်း ဖြစ်ပါ သည်-

(က) ပိုင်ရှင်၏ မှတ်ပုံတင်မိတ္တူ

( ခ) တည်ဆောက်မည့်နေရာပြမြေပုံ(Lay Out Plan)

( ဂ) သိုလှောင်ကန်များ၊ ရုံးခန်းများနှင့် Pump House များ၏ ပုံစံနှင့် အတိုင်းအတာများ

(ဃ) အဆောက်အဦ ဆောက်လုပ်မည့်မြေပိုင်ဆိုင်မှု

( င) ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်

( စ) မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားသည့် (Architacture Drawing)

၂။ မီးသတ်ဦးစီးဌာနသည် စက်သုံးဆီအရောင်းဆိုင်များ မီးဘေးလုံခြုံရေးဆိုင်ရာ အကြံပြုချက်များ ပေးပို့ရာတွင် အမျိုးအစားနှင့် အသုံးပြုမှုအခြေအနေပေါ်တွင် မူတည်၍ အောက်ပါအတိုင်း ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) စက်သုံးဆီ ဖြန့်ဖြူးရောင်းချသော နေရာများ၊ သိုလှောင်သော နေရာများသည် အောက်ပါအဆောက်အဦများနှင့် ယှဉ်တွဲဖော်ပြပါ မီးဘေးလုံခြုံသော အကွာအဝေး (Safe Distance)အတိုင်း အနည်းဆုံးရှိရမည်-

| | | |
|---|---|---|
| (၁) | နေအိမ် | အနည်းဆုံး (၁၀)မီတာ |
| (၂) | စာသင်ကျောင်း၊ ဆေးရုံ၊ ရုပ်ရှင်ရုံ၊ ခန်းမ၊ သိုလှောင်ရုံများ | အနည်းဆုံး(၃၀)မီတာ |
| (၃) | ဗို့အားမြင့် မီးကြိုးလိုင်းများ (7000 Volt)မှ (35000 Volt) | အနည်းဆုံး ( ၃)မီတာ |

(၄) ဗို့အားမြင့်မီးကြိုးလိုင်များ အနည်းဆုံး (၅)မီတာ
(35000 Volt)နှင့် အထက်

(၅) ဖိအားမြှင့်သုံးအထောက်အပံ့ပစ္စည်းများ အနည်းဆုံး (၂၀)မီတာ
(High Pressure Facility)

(၆) အရေးကြီးဒေသ၊ ယဉ်ကျေးမှုဆိုင်ရာ အနည်းဆုံး (၅၀)မီတာ

( ခ ) သိုလှောင်ရုံများ၊ ဆီဖြည့်ရုံများအား မီးမလောင်နိုင်သည့် ပစ္စည်းများဖြင့် ဆောက်လုပ်ထားခြင်း၊ အဆောက်အဦသည် ခိုင်ခံ့သောအခြေခံအုတ်မြစ်ပေါ်တွင် တည်ရှိခြင်း၊ ခိုင်ခံ့သောပတ်လည် နံရံအကာ (သို့မဟုတ်) မြေဂတုတ်များဖြင့် ကာရံခြင်း၊အဆောက်အဦ ကြမ်းခင်းသည် မြေအောက်(၂)ပေအနက်အထိ တည်ဆောက်ထားရ မည်။

( ဂ ) သိုလှောင်ရုံများ၏ ပတ်လည်နံရံ၏အထက် ကပ်လျက်ရှိသည့် နေရာ အမိုးနှင့် ကပ်လျက်နေရာများတွင် လေဝင်/လေထွက်ပေါက်များ၊ ကြေးဇကာများဖြင့် ဖုံးအုပ်တပ်ဆင်ရမည်။

(ဃ) ဓါတ်ဆီ၊ အောက်တိန်း သိုလှောင်ခြင်းသည် မြေအောက်သိုလှောင်မှု စနစ်ဖြင့် သာပြုလုပ်ရမည်။

( င ) သိုလှောင်ကန်သည် မြေပေါ်တိုင်ကီ(Above Tank)၊ မြေအောက်တိုင်ကီ (Ground Tank)တည်ဆောက်ရာတွင် အတည်ပြုပုံစံ(Tank Drawing) သတ်မှတ်ချက်အတိုင်း တည်ဆောက်ရမည်။

( စ ) တိုင်ကီများတွင် ဆီငွေ့ထွက်ပိုက်၊ ဆီဖြည့်ပိုက်၊ ဆီဆိုင်းပိုက်များ တပ်ဆင်ရမည့်အပြင် ယင်းပိုက်များသည် တိုင်ကီအောက်ခြေအနီးအထိ ရှည်ရမည်။

(ဆ) ပန့်အရောင်းဆိုင် အဆောက်အဦနှင့် သိုလှောင်ကန်(တိုင်ကီ)အကြား အနည်းဆုံး(၂၀) ပေ အကွာရှိရမည်။

( ဇ ) ချဉ်းကပ်လမ်း(သို့မဟုတ်) ကားပတ်လမ်းများကို အနည်းဆုံး(၄)မီတာ အကျယ်ထားရှိရမည်။

(ဈ) အမြုပ်မီးသတ်ဆေးဘူးများနှင့်ဓာတုပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ကို မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ အောက်ပါအတိုင်း ထားရှိ ရမည်–

(၁) Pump တစ်နေရာလျှင် Dry Cgrmical Poeder(6)Kg(၄)လုံး

(၂) ဆီချမည့်နေရာတွင် Dry Cgrmical Poeder(6)Kg(၂)လုံး

(၃) သိုလှောင်ကန်(၁)ကန်လျှင် Dry Cgrmical Poeder(35)Kg Trolley type(၁)လုံးစီ

(၄) အမြုပ်ဆေးရည်သုံး မီးငြိမ်းသတ်ရေးစနစ် တပ်ဆင်ရန်(Portable Pump, Foam Making Branch Pipe, Fire Hose Reel, Foam Liquid)

(၅) မီးငြိမ်းသတ်ရေးအတွက် ရေလိုအပ်ချက် ဂါလန်(၃၀၀၀၀)ထားရှိရန်။

(ည) အသုံးပြုမည့် လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းကိရိယာများအား ပေါက်ကွဲမှုမဖြစ် သည့် အမျိုးအစားများဖြင့်လည်းကောင်း၊ လျှပ်စစ်မီးကြိုးများအား မီးမလောင် လွယ်သည့် (Copper Core Poly Ethylene Sheltered Control cable) များ၊ မီးဒဏ်ခံ ဝါယာကြိုးများဖြင့်လည်းကောင်း၊ အလွယ်တကူ မီးမကူးစက် နိုင်သည့်(Fiuoro Plastic Multi Core Inflaming Reackling Control Cable)များဖြင့်လည်းကောင်း အသုံးပြုရမည်။

(ဋ) ဆီသိုလှောင်ကန်တိုင်းတွင် မိုးကြိုးလွှဲများ တပ်ဆင်သွားရမည်။